
Kids of Destiny®
Reaching the Next Generation
www.kidsofdestiny.org

## ဂိဒေါင်ကိုဘုရားသခင်ရွေးချယ်ခြင်း 3.08

### တရားသူကြီးမှတ်စာ ၆

ဣသရေလလူမျိုးများဟာ ဘုရားသခင်ရွေးချယ်ခြင်းခံရတဲ့လူမျိုးဖြစ်ပါတယ်။ မောရှေအားဖြင့် သူတို့ကိုဦးဆောင်ပြီးကတိတော်မြေ ခါနန်ပြည်ကို ပို့ဆောင်စေပါတယ်။ ဘုရားသခင်က နမိတ်လက္ခဏာအားဖြင့်ပို့ဆောင်ပေးတဲ့အတွက် သူတို့ရဲ့လမ်းခရီးတလျှောက်မှာ စားသောက်ဖို့နေထိုင်ဖို့သာမက လုံခြုံစွာပို့ဆောင်ခြင်းခံရပါတယ်။ ဒါပေမယ့် လူတွေဟာ ဘုရားသခင်ရဲ့စကားကို အမြဲနားမထောင် ကြပါဘူး။ သူတို့တွေ ခါနန်ပြည်ကိုရောက်သွားတဲ့အချိန်မှာလည်း ဘုရားသခင်ရဲ့စကားကို တခါတလေနားထောင်ပေမယ့် တခါတလေ နားမထောင်ကြပြန်ဘူး။ တခါမလေ သူတို့ကိုဦးဆောင်တဲ့သူတွေကြောင့်လည်း ဖြစ်တယ်။ ခေါင်းဆောင်ကောင်းတွေရှိတဲ့အချိန်တွေ ရှိသလို မကောင်းတဲ့ခေါင်းဆောင်တွေရှိတဲ့အချိန်လည်း ကြုံကြရတယ်။ ဣသရေလလူမျိုးတွေဟာ အချိန်များသောအားဖြင့် ဘုရားသခင်ရဲ့ရှေ့မှာ ဒုစရိုက်ကိုပြုကြပါတယ်။

ဣသရေလလူမျိုးတွေ ဘုရားသခင်ရှေ့မှာ ဒုစရိုက်ကိုပြုတဲ့တချိန်မှာတော့၊ သူတို့အပေါ်မှာအုပ်စိုးဖို့ မိဒျန်လူတွေကို ဘုရားသခင်က အခွင့်အရေးပေးလိုက်ပါတယ်။ မိဒျန်လူတွေဟာ သူတို့အပေါ်မှာ ခုနှစ်နှစ်အုပ်စိုးခွင့်ရကြတယ်။ သူတို့ဟာ အရမ်းရက်စက်ကြတယ်။ ဣသရေလလူမျိုးတွေ သီးနှံစိုက်ပျိုးရင် မိဒျန်လူတွေဟာ လာပြီးဖျက်ဆီးကြတယ်။ မိဒျန်လူတွေက သူတို့ရဲ့တိရစ္ဆာန်တွေကိုလာပြီး ယူသွားကြတယ်။ သူတို့ရဲ့စားစရာရိက္ခာတွေကိုလည်း ယူသွားကြတဲ့အတွက် ဣသရေလလူမျိုးတွေဟာ ဆာလောင်မွတ်သိပ်နေကြရ တယ်။ အဲဒီအချိန်မှာ ဣသရေလလူမျိုးတွေက သူတို့ကိုကူညီဖို့ ဘုရားသခင်ကို အော်ဟစ်ဆုတောင်းကြပါတယ်။

ဘုရားသခင်ဟာ ဣသရေလလူမျိုးတွေအတွက် ပရောဖက်တစ်ပါးကိုစေလွှတ်ပြီး၊ "ငါဟာ သင်တို့ရဲ့ဘုရားသခင်ဖြစ်တယ်။ သင်တို့ကို အီဂျစ်ပြည်က ထုတ်ဆောင်လာတယ်။ မှားယွင်းတဲ့ဘုရားတွေကို ဝတ်မပြုဖို့ပြောခဲ့တယ်။ သင်တို့ဟာ ငါ့စကားကို နားမထောင်ကြ ဘူး။" လို့ သတင်းစကားမှာလိုက်တယ်။ ဒါပေမယ့် ဘုရားသခင်ဟာ သူတို့ရဲ့အော်ဟစ်ငိုကြွေးသံကို နားထောင်ခဲ့တယ်။

အဲဒီအချိန်မှာ ဂိဒေါင်လို့ခေါ်တဲ့ ဣသရေလလူတစ်ယောက်ရှိတယ်။ "ဘုရားသခင်က သင်နဲ့အတူရှိတယ်" လို့ ကောင်းကင်တမန်က သူ့ကိုလာပြောတယ်။ "သင်ဟာ ဣသရေလလူမျိုးတွေကို မိဒျန်လူတွေလက်မှ ကယ်တင်မယ်သူဖြစ်လို့ အားယူပြီးသွားပါ" လို့ ဂိဒေါင်ကို ပြောပါတယ်။

ဘုရားသခင်က သူ့ကိုအသုံးပြုနိုင်တယ်ဆိုတာကို ဂိဒေါင်မယုံနိုင်ခဲ့ဘူး။ "ကျွန်တော့်ရဲ့မိသားစုဟာ အခြားမိသားစုတွေထက် အားနည်း တယ်၊ ကျွန်တော်ဟာလည်း မိသားစုတွေထဲမှာ အားအနည်းဆုံးသူဖြစ်တယ်" လို့ သူပြောတယ်။

"မစိုးရိမ်နဲ့၊ သင်နဲ့အတူငါရှိမယ်။ သင်ဟာ မိဒျန်လူတွေကို ဖျက်ဆီးပစ်လိမ့်မယ်" လို့ ဘုရားသခင်က ပြောတယ်။

သူ့ကို ဘုရားသခင်ကိုယ်တိုင်စကားပြောနေခြင်းဖြစ်ကြောင်းသက်သေပြဖို့ ဘုရားသခင်ကို ဂိဒေါင်ကတောင်းလျှောက်တယ်။ သက်သေ ပြတာကို သူမြင်ချင်တယ်။ "အကယ်၍ ဣသရေလလူမျိုးတွေကို မိဒျန်တွေလက်မှ ကယ်တင်ဖို့ ကျွန်တော့်ကိုအသုံးပြု မယ်ဆိုရင် ဒီလို ဖြစ်စေပါ။ ဒီည မြေပြင်ပေါ်မှာ သိုးမွေးသားရေကို ထားမယ်။ နံနက်မိုးလင်းတဲ့အခါ သိုးမွေးသားရေက နှင်းစိုနေပြီး၊ ကျန်မြေပြင်ဟာ ခြောက်သွေ့နေတယ်ဆိုရင် ကျွန်တော်ဟာဣသရေလလူမျိုးတွေကို ကယ်တင်ဖို့အတွက် စကားပြောသူဟာ ကိုယ်တော်ကိုယ်တိုင် ဖြစ် ကြောင်းကို ကျွန်တော်သိပါလိမ့်မယ်" လို့ ဘုရားသခင်ကို သူပြောတယ်။

နောက်နံနက်မိုးလင်းတဲ့အခါ သူတောင်းလျှောက်တဲ့အတိုင်းပဲ သိုးမွေးသားရေဟာ နှင်းကျလို့စိုစွတ်နေပြီး၊ မြေပြင်ဟာ ခြောက်သွေ့ နေပါတယ်။ ဒါပေမယ့် ဂိဒေါင်ဟာ ဘုရားသခင်ဆီကနေ ထပ်မံသက်သေလိုချင်နေပါတယ်။ "ကျွန်ုပ်ကိုစိတ်မဆိုးပါနဲ့ကိုယ်တော်၊ ဣသရေလလူမျိုးတွေကိုကယ်တင်ဖို့ ကျွန်တော့်ကိုခေါ်တာမှန်တယ်ဆိုရင်၊ ဒီညမှာလည်း သိုးမွေးသားရေကို မြေပြင်ပေါ်မှာချထား ပါဦးမယ်။ နောက်နေ့မနက်ခင်းမှာ သိုးမွေးသားရေက ခြောက်သွေ့နေပြီး၊ မြေတပြင်လုံးစိုစွတ်ပေါစေ။ အဲလိုဖြစ်ရင် ဣသရေလ လူမျိုးတွေကိုကယ်တင်ဖို့ ကျွန်တော့်ကိုခေါ်တဲ့သူဟာ ကိုယ်တော်ဖြစ်တယ်ဆိုတာကို ကျွန်တော်သိပါရစေ" လို့ ဂိဒေါင်က ထပ်ပြော ပါတယ်။

နံနက်မိုးလင်းတဲ့အခါ သိုးမွေးသားရေဟာ လုံးဝခြောက်သွေ့နေပြီး၊ မြေတပြင်လုံးဟာ စိုစွတ်နေပါတယ်။ ဂိဒေါင်ဟာ ဘုရားသခင် ဆီကအဖြေရသွားပါပြီ။ ဣသရေလလူမျိုးတွေကို ဘုရားသခင်က သူ့အားဖြင့်ကယ်တင်မယ်ဆိုတာ သူသိသွားပါပြီ။

ဘယ်လိုဆက်ဖြစ်တယ်ဆိုတာ နောက်သင်ခန်းစာမှာ ဆက်ကြည့်ရအောင်

ကျွန်တော်တို့ဟာ ရွေးချယ်ခံဖို့မသင့်တော်ဘူးလို့ထင်ရင်တောင် ဘုရားသခင်က ဂိဒေါင်ကိုရွေးချယ်သလို ကျွန်ုပ်တို့ကို ရွေးချယ် နိုင်တယ်ဆိုတာ သတိရပါ။

## ဂိဒေါင်ကို ဘုရားသခင်ရွေးချယ်ခြင်း - ဆရာလမ်းညွှန် 3.08

### တရားသူကြီးမှတ်စာ ၆

### အဓိကအချက်များ

၁) ဘုရားလူဣသရေလလူမျိုးတွေဟာ သူ့ကိုမနာခံကြဘူး။ ရက်စက်တဲ့မိဒျန်လူမျိုးတွေရဲ့အုပ်စိုးလွှမ်းမိုးခံဖို့ ဘုရားသခင်က ခွင့်ပြု လိုက်တယ်။ သူတို့ရဲ့စားစရာရိက္ခာတွေကို ယူသွားကြပြီး၊ သူတို့ကို ဆာလောင်မှုထဲမှာထားကြတယ်။ သူတို့ကိုကူညီဖို့ ဘုရားသခင်ဆီ မှာ သူတို့အော်ဟစ်ငိုကြွေးကြတယ်။

၂) ဣသရေလလူမျိုးတွေကို မိဒျန်လူတွေလက်ကကယ်ဖို့ ဂိဒေါင်ကို ဘုရားသခင်ရွေးချယ်ခဲ့တယ်။ အဲဒီအလုပ်ကိုလုပ်ဖို့ သူဟာ ခွန်အားရှိသူဖြစ်တယ်လို့ သူမယုံနိုင်ဘူး။ "သင်နဲ့အတူငါရှိမယ်" လို့ ဘုရားသခင်က ပြောတယ်။

၃) သက်သေပြဖို့ ဘုရားသခင်ဆီမှာ ဂိဒေါင်က သက်သေတောင်းပါတယ်။ ဂိဒေါင်ဟာ သိုးမွေးသားရေကို မြေပြင်ပေါ်မှာချထားပြီး၊ နောက်နေ့ နံနက်မှာ သိုးမွေးသားရေဟာ ခြောက်သွေ့နေပြီး၊ မြေပြင်ဟာစိုစွတ်နေပါစေလို့ ဘုရားသခင်ဆီကို ဆုတောင်းတယ်။ ဂိဒေါင် တောင်းတဲ့အတိုင်း ဘုရားသခင်က ပြုပေးပါတယ်။

၄) ဂိဒေါင်ဟာ ဒုတိယသက်သေကိုထပ်တောင်းပါတယ်။ သိုးမွေးသားရေကို ဒုတိယအကြိမ်မြေပြင်မှာချထားတယ်။ နောက်နေ့နံနက် မှာသိုးမွေးသားရေဟာ ခြောက်သွေ့ပြီး မြေပြင်ဟာစိုစွတ်နေဖို့ ဘုရားကိုပြောပါတယ်။ ဘုရားသခင်ဟာ ဂိဒေါင်ရဲ့တောင်းဆိုမှုကို နောက်တကြိမ် အဖြေပေးပါတယ်။

၅) ဣသရေလလူမျိုးတွေကို ကယ်တင်ဖို့ ဘုရားသခင်ကသူ့ကိုရွေးချယ်တယ်ဆိုတာ သူသိသွားပါတယ်။

### မေးခွန်းများ

၁) ဣသရေလလူမျိုးတွေ ဘုရားသခင်ကို မနာခံတဲ့အခါ ဘာဖြစ်လာသလဲ?

၂) ဣသရေလလူမျိုးတွေကို မိဒျန်လူတွေလက်က ကယ်တင်ဖို့အတွက် ဘယ်သူ့ကိုဘုရားသခင်ရွေးချယ်ခဲ့သလဲ?

၃) ဘုရားသခင်ကသူ့ကိုအသုံးပြုနိုင်တယ်ဆိုတာကို ဂိဒေါင်မယုံကြည်နိုင်တဲ့အခါ ဘုရားသခင်က ဘာပြောခဲ့သလဲ?

၄) ဘယ်လိုသက်သေပြဖို့ ဂိဒေါင်ကဘုရားသခင်ဆီမှာ တောင်းဆိုသလဲ?

၅) ဂိဒေါင်က ဘုရားသခင်ဆီမှာတောင်းတဲ့ ဒုတိယသက်သေက ဘာလဲ?

### အဖြေများ

၁) ရက်စက်တဲ့မိဒျန်လူတွေရဲ့ ခုနှစ်နှစ်အုပ်စိုးခွင့် ဘုရားသခင်ပေးလိုက်ပါတယ်။

၂) ဣသရေလလူမျိုးတွေကို ကယ်တင်ဖို့ ဘုရားသခင်က ဂိဒေါင်ကိုရွေးကောက်ခဲ့ပါတယ်။

၃) "သင်နဲ့အတူငါရှိမယ်" လို့ ဂိဒေါင်ကို ဘုရားသခင်ကပြောပါတယ်။

၄) ဂိဒေါင်က သိုးမွေးသားရေကိုမြေပြင်မှာထားပြီး၊ သိုးမွေးသားရေကိုပဲ စိုစွတ်ပြီး၊ ကျန်မြေပြင်ကိုခြောက်သွေ့အောင် လုပ်စေပါတယ်။

၅) ဂိဒေါင်က သိုးမွေးသားရေကို မြေပြင်မှာနောက်တကြိမ်ပြန်ထားပြီး၊ သိုးမွေးသားရေဟာခြောက်သွေ့ချိန်မှာ ကျန်မြေပြင်တစ်ခုလုံး စိုစွတ်နေဖို့ ဘုရားသခင်ဆီကို သူဆုတောင်းခဲ့ပါတယ်။

ကျွန်တော်တို့ဟာ ရွေးချယ်ခံဖို့မသင့်တော်ဘူးလို့ထင်ရင်တောင် ဘုရားသခင်က ဂိဒေါင်ကိုရွေးချယ်သလို ကျွန်ုပ်တို့ကို ရွေးချယ်နိုင်တယ်ဆိုတာ သတိရပါ။



Kids of Destiny®
Reaching the Next Generation
www.kidsofdestiny.org